## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၈)

### စစ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးထောင်ချခံရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၁၉ ရက်အထိ)

**ဖမ်းဆီးထိန်းသိမ်း ထောင်ချခံရသူ အရေအတွက်**

**၄,၁၇၄**
ချုပ်နှောင်ခံထားရသူများ

**၁,၇၄၂**
တိမ်းရှောင်နေရသူများ

**၁၂၈**
ထောင်ဒဏ်
ချမှတ်ခံထားရသူများ

**၂၆**
သေဒဏ်
ချမှတ်ခံထားရသူများ

စစ်အာဏာသိမ်းခံရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မေ ၁၉ ရက်အထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ ၄,၁၇၄ ဦး ကျော်ရှိလာပြီး တိမ်းရှောင်နေရသူ ၁,၇၄၂ ဦး၊ ထောင်ဒဏ်ချမှတ်ခံရသူ ၁၂၈ ဦးနှင့် သေဒဏ်ချမှတ်ခံရသူ ၂၆ ဦးအထိ ရှိလာပါသည်။ ထောင်ဒဏ်ချမှတ်ခံရသူ ၁၂၈ ဦးအနက် ၂၀ ဦးမှာ မျက်ကွယ်သေဒဏ်၊ ၁၄ ဦးမှာ မျက်ကွယ်ထောင်ဒဏ် ချမှတ်ခံထားရပြီး တိမ်းရှောင်လျက်ရှိသည်။ ယခင်တပတ်က ဖော်ပြခဲ့သော ကိန်းဂဏန်းများ **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၈ကိုရှုပါ)**နှင့် နှိုင်းယှဉ်ပါက ဖမ်းဆီးချုပ်နှောင်ခံရသူ ၁,၁၆၂ ဦးကျော်၊ ထောင်ဒဏ်ချမှတ်ခံရသူ ၆၅ ဦးနှင့် သေဒဏ်ချမှတ်ခံရသူ ခုနစ်ဦး တိုးလာပါသည်။


**မှတ်ချက်**
**ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင် ခြင်း မရှိဘဲ ကျန်နေသူများနှင့် အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။**

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၈)

## စစ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးထောင်ချခံရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၁၉ ရက်အထိ)

■ **ဖမ်းဆီးချုပ်နှောင်ခံထားရသူ အရေအတွက်**





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း မေ ၁၉ ရက်အထိ နိုင်ငံတဝန်းဖမ်းဆီးခံရသူ စုစုပေါင်း ၅,၂၇၀ ဦးရှိခဲ့ပြီး လက်ရှိအချိန်အထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ ၄,၁၇၄ ဦး ရှိပါသည်။ ယခင်လတွင် ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၈** ၌ ပါရှိသည့် ကိန်းဂဏန်းများဖြင့် နှိုင်းယှဉ်ပါက တလအတွင်း ဖမ်းဆီးထိန်းသိမ်းထားခံရသူ အရေအတွက်မှာ ၁,၀၀၀ကျော် တိုးလာပြီး အဖမ်းခံရသူအများစုသည် အရပ်သားပြည်သူများ ဖြစ်ကြသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၈)

### စစ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးထောင်ချခံရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၁၉ ရက်အထိ)

**ဖမ်းဆီးခံထားရသူ ကျား-မ အရေအတွက်**




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် စစ်အာဏာသိမ်းပြီးနောက်ပိုင်း မေ ၁၉ ရက်အထိ နိုင်ငံတဝန်းဖမ်းဆီးခံရသူ စုစုပေါင်း ၅,၂၇၀ ဦးရှိခဲ့ပြီး လက်ရှိအချိန်အထိ ဖမ်းဆီးချုပ်နှောင်ခံထားရသူ ၄,၁၇၄ ဦး ရှိပါသည်။ ၎င်းတို့အနက် မေ ၁၉ရက်အထိ ရရှိထားသော အချက်အလက်များအရ ဖမ်းဆီးချုပ်နှောင်ခံရသူ ၄၁၇၄ ဦးအား ပိုင်းခြားစိတ်စစ်ခဲ့ရာ ၃,၂၆၂ ဦး (၇၈ ဒသမ ၁၅ ရာခိုင်နှုန်း) မှာ အမျိုးသားများဖြစ်ပြီး၊ ၉၀၄ ဦး (၂၁ ဒသမ ၆၅ ရာခိုင်နှုန်း)မှာ အမျိုးသမီးများဖြစ်သည်။ ကျန် ၈ ဦး (၀ ဒသမ ၁၉ ရာခိုင်နှုန်း) မှာ မသိရသေးပါ။


**မှတ်ချက် -** ဖော်ပြပါ အချက်အလက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေး အသင်း (AAPP) ၏ မှတ်တမ်းများနှင့် လွတ်လပ်သော သတင်းမီဒီယာများ၏ ဖော်ပြချက်များကို အခြေခံ၍ လက်လှမ်းမီသမျှ ပြုစုထားခြင်းဖြစ်ပြီး ပါဝင်ခြင်းမရှိဘဲ ကျန်နေသူများနှင့် အချက်အလက် အပြည့်အစုံရရှိရန် စောင့်ဆိုင်းနေရမှုများလည်း ရှိနိုင်ပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၈)

### စစ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးထောင်ချခံရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၁၉ ရက်အထိ)

**ဖမ်းဆီးခံထားရသူ အမျိုးအစားများ**





စစ်အာဏာသိမ်းခံရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် မေ ၁၉ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးချုပ်နှောင်ခံရသူ စုစုပေါင်း ၄,၁၇၄ ဦးအထိ ရှိပါသည်။ ၎င်းတို့အနက် မေ ၁၉ ရက်အထိ ရရှိထားသော အချက်အလက်များအရ ဖမ်းဆီးချုပ်နှောင်ခံရသူ ၄,၁၇၄ ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ သာမန်အရပ်သားပြည်သူ ၂,၉၉၂ ဦးအထိ ဖမ်းဆီးခံထားရပြီး အများဆုံး ဆက်ဖြစ်နေပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၈)

## စစ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးထောင်ချခံရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၁၉ ရက်အထိ)

### နေရာဒေသအလိုက် ဖမ်းဆီးခံရသူများ




စစ်အာဏာသိမ်းခံရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် မေ ၁၉ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးချုပ်နှောင်ခံရသူ စုစုပေါင်း ၄,၁၇၄ ဦးအထိ ရှိပါသည်။ ၎င်းတို့အနက် မေ ၁၉ ရက်အထိ ရရှိထားသော အချက်အလက်များအရ ဖမ်းဆီးချုပ်နှောင်ခံရသူ ၄,၁၇၄ ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ ရန်ကုန်နှင့် မန္တလေးတွင် ဖမ်းဆီးချုပ်နှောင်ခံရသူ အများဆုံးဖြစ်နေပါသည်။ ယခင်လက ကိန်းဂဏန်းများနှင့် နှိုင်းယှဉ်ကြည့်ပါက (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၁၈ ကိုရှု**) ရန်ကုန်တိုင်းတွင် ဖမ်းဆီးခံရသူ ၅၁၇ ဦးကျော်နှင့် မန္တလေးတိုင်းတွင် ဖမ်းဆီးခံရသူ ၁၃၀ ဦးကျော် အထိ တိုးလာပါသည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၂၈)

## စစ်အာဏာသိမ်းပြီးနောက် ဖမ်းဆီးထောင်ချခံရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မေ ၁၉ ရက်အထိ)

### တရားစွဲဆိုခဲ့သော ပုဒ်မများနှင့် အရေအတွက်

| | |
|---|---|
| ၇၃၉ ဦး | ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် တရားစွဲခံထားရသူများ |
| ၇၂ ဦး | သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဥပဒေဖြင့် တရားစွဲခံထားရသူများ |
| ၃၉ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၈၈ ဖြင့် တရားစွဲခံထားရသူများ |
| ၃၇ ဦး | ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၅၀၅(ခ) ဖြင့် တရားစွဲခံထားရသူများ |
| ၃၇ ဦး | လက်နက် အက်ဥပဒေဖြင့် တရားစွဲခံထားရသူများ |
| ၁၆ ဦး | ငြိမ်းစုစီ ဥပဒေပုဒ်မ ၁၉ဖြင့် တရားစွဲခံထားရသူများ |
| ၉ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၂၄ ဖြင့် တရားစွဲခံထားရသူများ |
| ၈ ဦး | ရာဇသတ်ကြီးပုဒ်မ ၅၀၅(ဂ) ဖြင့် တရားစွဲခံထားရသူများ |
| ၇ ဦး | ရာဇသတ်ကြီးပုဒ်မ ၁၂၂(၁) ဖြင့် တရားစွဲခံထားရသူများ |
| ၆ ဦး | ၁၉၄၉ လက်နက်ဥပဒေပုဒ်မ ၂၁(၁) ဖြင့် တရားစွဲခံထားရသူများ |
| ၆ ဦး | ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆(၁) ဖြင့် တရားစွဲခံထားရသူများ |
| ၅ ဦး | ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် တရားစွဲခံထားရသူများ |
| ၅ ဦး | အစိုးရလျှို့ဝှက်အက်ဥပဒေ ပုဒ်မ ၃၁(ဂ) ဖြင့် တရားစွဲခံထားရသူများ |
| ၃ ဦး | ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေဖြင့် တရားစွဲခံထားရသူများ |
| ၂ ဦး | ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့် တရားစွဲခံထားရသူများ |
| ၂ ဦး | ရာဇသတ်ကြီးပုဒ်မ ၂၁၆ ဖြင့် တရားစွဲခံထားရသူများ |

စစ်အာဏာသိမ်းခံရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၁ ခုနှစ် မေ ၁၉ ရက်အထိ နိုင်ငံတဝန်း ဖမ်းဆီးချုပ်နှောင်ခံရသူ စုစုပေါင်း ၄,၁၇၄ ဦးအထိ ရှိပါသည်။ ၎င်းတို့အနက် မေ ၁၉ ရက်အထိ သိရသော အချက်အလက်များအရ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(က) နှင့် တရားစွဲဆိုခံရသူမှာ အများဆုံးဖြစ်ပြီး ၇၃၉ ဦးအထိ ရှိနေပါသည်။ ယခုစာရင်းတွင် မပါဝင်ဘဲ ကျန်နေသည်များ ရှိပါသည်။